engage^ny

Our Students. Their Moment.

# မိဘများအတွက် ဗဟိုအခြေပြုသင်ကြားမှုစံနှုန်း အရင်းအမြစ်များ

## ဘယ်မှာ သင်ယူရမလဲ ရယူရမလဲ

## နိုင်ငံလုံးဆိုင်ရာ အရင်းအမြစ် အချက်အလက်များ

### နိုင်ငံလုံးဆိုင်ရာမိဘဆရာအသင်း၏ မိဘများအတွက် ကျောင်းသားများ အောင်မြင်ရေး လမ်းညွှန်ချက်များ

http://pta.org/parents/content.cfm?ItemNumber=2583

ဤဆိုဒ်၌ အင်္ဂလိပ်ဘာသာအခြေပြု ဂိုဏ္ဍတွဲ (ELA) နှင့် သင်္ချာဘာသာများ စံနှုန်းများပြောင်းလဲမှုများကိုရှင်းပြထားသော အတိုချုံးလမ်းညွှန်များပါဝင်သည့် အချက်အလက်များစုစည်းမှု ပါဝင်သည်။ သူငယ်တန်းမှ ရှစ်တန်း အတန်းအသီးသီး နှင့် အထက်တန်း အလိုက် ဘာသာရပ်များအနေဖြင့် လမ်ညွှန်းများ ရရှိနိုင်ပါသည်။

လမ်းညွှန်များအား အင်္ဂလိပ် နှင့် စပိန်ဘာသာစကားတို့၌ ရရှိနိုင်ပြီး အောက်ပါတို့ပါဝင်ပါသည်။

- ကလေးများ အတန်းတိုင်း၌ အင်္ဂလိပ်ဘာသာအခြေပြု ဂိုဏ္ဍတွဲ နှင့် သင်္ချာဘာသာရပ်များအား စံနှုန်းအသစ်များဖြင့် ဘာတွေသင်ကြားကြလဲ
- မိဘများ သူတို့၏ကလေး သင်ယူမှုကို ထောက်ပံ့ရန် အိမ်၌ လုပ်ဆောင်နိုင်သည့် ပြုဖွယ်ဆောင်တာများ
- မိဘများအား သူတို့ကလေး၏ ကျောင်းဆရာနှင့် ပို၍ ခိုင်မာသော ဆက်ဆံရေး တည်ထောင်နိုင်ရန် ကူညီပံ့ပိုးပေးသောနည်းစနစ်များ
- တက္ကသိုလ်ပညာသင်ရန်နှင့် အလုပ်ခွင်ဝင်ရန် အဆင့်သင့်ဖြစ်ရန် ပြင်ဆင်မှုအတွက် အကြံပြုချက်များ

### ကြီးမြတ်သောမြို့များ၏ကျောင်းတော်များကောင်စီမိဘလမ်းပြမြေပုံ

http://www.cgcs.org/Domain/36

ဝဘ်ဆိုဒ်၌ သူငယ်တန်းမှ ရှစ်တန်း အတန်းအသီးသီးအတွက် ELA (အင်္ဂလိပ်ဘာသာအခြေပြု ဂိုဏ္ဍတွဲ) နှင့် သင်္ချာဘာသာများ၏ လမ်းပြမြေပုံ အသီးသီးအား အင်္ဂလိပ် နှင့် စပိန်ဘာသာစကားတို့ဖြင့် စီစဉ်ပေးထားပါသည်။ ဤမြေပုံများသည် မိဘများအား သူတို့၏ကလေးများ ဘာတွေသင်ယူမည်လဲနှင့် သင်ယူမှုအား မည်သို့ထောက်ပံ့နိုင်ပုံတို့ကို လမ်းညွှန်ကူညီပေးသည်။ ထိုမြေပုံများသည် တနှစ်မှတနှစ် ရွေးချယ်စံနှုန်းများပြောင်းလဲမှု စဉ်ဆက်ပြဇယားများကိုပံ့ပိုးပေးသောကြောင့် ကျောင်းသားများ အထက်တန်းအောင်မြင်ပြီးသောအခါ တက္ကသိုလ်ပညာသင်ရန်နှင့် အလုပ်ခွင်ဝင်ရန်အတွက် အဆင့်သင့်ဖြစ်မည်။

ကြီးမြတ်သောမြို့များ၏ကျောင်းတော်များကောင်စီမှ မိဘနားလည်လွယ်ပုံစံဖြင့် ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းအားရှင်းပြသော သုံးမိနစ်တာဗီဒီယိုကိုလည်း ထုတ်ဝေထားပါသည်။ http://www.commoncoreworks.org ဤဆိုဒ်၌ ရရှိနိုင်ပါသည်။

### ကလေးများအတွက် ရပ်တည်ပါ ဝဘ်ဆိုဒ်

http://stand.org/national/blog/2012/09/10/common-core-standards-building-strong-foundation-our-childrens-success

ကလေးများအတွက် ရပ်တည်ပါ ဝဘ်ဆိုဒ်၌ မိဘနားလည်လွယ်ပုံစံအညွှန်းဖြင့် ဘာကြောင့်ပြည်နယ်များအနေဖြင့် ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများ (CCSS) ကို လက်ခံကျင့်သုံးခဲ့ရကြောင်း၊ အပြောင်းအလဲများက ဘာလဲနှင့် ကျောင်းသားများအတွက် ဘာပြောင်းလဲမလည်းတို့ အကျဉ်းချုံးပါဝင်သည်။

## နယူးယောက်ဆိုင်ရာ အရင်းအမြစ် အချက်အလက်များ

### အင်ဂေ့ျနယူးယောက် မိဘနှင့်မိသားစုဆိုင်ရာ အရင်းအမြစ် အချက်အလက်များ

http://engageny.org/parent-and-family-resources

နယူးယောက်အနေဖြင့် ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများကို မည်သို့အထမြောက်အောင် ဆောင်ရွက်နေသည်နှင့် ထိုအကြောင်းအရာများ စာသင်ခန်းထဲ၌ မည်သို့ရှိမည်ကို မိဘများ ပိုမိုနားလည်သဘောပေါက် စေရန်ရည်ရွယ်၍ ဤ၌ဖော်ပြထားသော အရင်းအမြစ် အချက်အလက်များနှင့် အခြားအချက်အလက်များသို့ ဤစာမျက်နှာနှင့် လင့်ခ်ချိတ်ထားပါသည်။

**အင်ဂျေနယူးယောက် ဗဟိုအခြေပြုသင်ကြားမှု ချင့်ချိန်ဆုံးဖြတ်ချက်များ**
http://engageny.org/common-core-assessmentsandhttp://engageny.org/resource/test-guides-for-english-language-arts-and-mathematics

ဗဟိုအခြေပြုသင်ကြားမှု ချင့်ချိန်ဆုံးဖြတ်ချက်များကို စိတ်ဝင်စား၍ ပိုမိုလေ့လာချင်လျှင် စာမေးပွဲ လမ်းညွှန်နှင့် မေးခွန်းဉပမာများ ပါဝင်သော မိဘများအတွက် အရင်းအမြစ် သတင်း အချက်အလက်များ

**မိသားစုများအတွက် နယူးယောက်မြို့ပညာရေးဌာန ဗဟိုအခြေပြုသင်ကြားမှုစာကြည့်တိုက်**

http://schools.nyc.gov/Academics/CommonCoreLibrary/ForFamilies/default.htm

အာရေဘစ်၊ ဘင်္ဂလီ၊ တရုတ်၊ ပြင်သစ်၊ ဟေတီ ခရိုလေ၊ ကိုရီးယား၊ ရုရှား၊ စပိန် နှင့် ဉရဒု ဘာသာစကားများဖြင့် အကျဉ်းချုံးဗီဒီယိုနှင့်အတူ စာညွှန်း၊ ဗဟိုအခြေပြုသင်ကြားမှုစသည်ဖြင့် အရင်းအမြစ် အချက်အလက်များ ဤဆိုဒ်၌ ပါဝင်ပါသည်။